Chin Human Rights Organization | NGO in Special Consultative status with ECOSOC since 2018
www.chinhumanrights.org

MAP MYANMAR ACCOUNTABILITY PROJECT

**စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများဖြင့် မြန်မာစစ်ကော်မရှင်ကို ထိခိုက်နစ်နာသူများက တီမောလက်စတေးနိုင်ငံတွင် တရားစွဲဆို**

*ဤသတင်းထုတ်ပြန်ချက်ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်၊ တီမောလက်စတေး စံတော်ချိန် မွန်းတည့် ၁၂:၀၀ နာရီ နောက်ပိုင်းမှသာ ထုတ်ပြန်ရန်*

**ဒီလီမြို့၊ ရက်စွဲ-ဇန်နဝါရီလ (၁၂) ရက်၊ ၂၀၂၆ ခုနှစ် ။**

မြန်မာစစ်ကော်မရှင် ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကြောင့် ထိခိုက်နစ်နာခဲ့ရသူများအား ကိုယ်စားပြုသည့် အဖွဲ့တစ်ဖွဲ့သည် တီမောလက်စတေးနိုင်ငံရှိ ပြည်သူ့အစိုးရရှေ့နေရုံး (Public Prosecutor's Office) သို့ စုံစမ်းစစ်ဆေးမှု စတင်ရန် တောင်းဆိုသည့် ရာဇဝတ်မှုဆိုင်ရာ တိုင်ကြားစာတစ်စောင်ကို တင်သွင်းခဲ့သည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့၏ အကြီးအကဲဖြစ်သူ ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) ၏ အမှုဆောင်ဒါရိုက်တာ ဆလိုင်းဇအုပ် (Salai Za Uk) ၏ အဆိုအရ- ၎င်း ရာဇဝတ်မှုဆိုင်ရာ ဖိုင်တွဲတွင် အောက်ပါသက်သေအထောက်အထားများ ပါဝင်သည်။ အမှုတွဲဖြစ်စဉ်များမှာ " ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးအား အုပ်စုလိုက် မုဒိမ်းကျင့်မှုဖြစ်စဉ်၊ ဂျာနယ်လစ်တစ်ဦးနှင့် ၁၃ နှစ်အရွယ် ယောက်ျားလေးတစ်ဦး အပါအဝင် လူ (၁၀) ဦးအား အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ် (၎င်းတို့အနက် ၈ ဦးမှာ လည်လှီးသတ်ဖြတ်ခြင်း ခံခဲ့ရသည်)၊ ခရစ်ယာန်သိက္ခာတော်ရဆရာတော် (၁)ပါး နှင့် သင်းထောက်ဆရာတော် (၃) ပါးကို ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်မှုဖြစ်စဉ်၊ အရပ်ဘက် ပြည်သူ့ဆေးရုံတစ်ခုအား အရပ်ဘက်စစ်ဘက်ခွဲခြားမှု မရှိဘဲ လက်နက်အင်အား အလွန်အကျွံအသုံးပြုပြီး ပြင်းထန်စွာ လေကြောင်း တိုက်ခိုက်ခဲ့သဖြင့် ဆေးဘက်ဆိုင်ရာဝန်ထမ်း (၄) ဦးနှင့် လူနာ (၄) ဦး ထိခိုက်သေဆုံးမှုဖြစ်စဉ်နှင့် ခရစ်ယာန်ဘုရားကျောင်းများကို အဆက်မပြတ်တိုက်ခိုက်မှုဖြစ်စဉ်" တို့ ဖြစ်သည်။

တီမောလက်စတေးနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ပိုင်ခွင့် (Universal Jurisdiction)ကို လက်ခံကျင့်သုံးသည့်အတွက် ဤတင်သွင်းထားသော မြန်မာနိုင်ငံရာဇဝတ်မှုများကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိဖြစ်လာစေရေးအတွက် ဆောင်ရွက်နိုင်ခွင့်ရှိသည်။ ၎င်းကမ္ဘာလုံးဆိုင်ရာ တရားစီရင်ပိုင်ခွင့် မူအရ ရာဇဝတ်မှုများသည် မည်သည့် နေရာတွင် ဖြစ်ပွားခဲ့သည်ပင် ဖြစ်စေ၊

သို့မဟုတ် နစ်နာသူများနှင့် ကျူးလွန်သူများမှာ မည်သည့်နိုင်ငံသားပင်ဖြစ်စေ တီမောနိုင်ငံအာဏာပိုင်များ အနေဖြင့် အရေးယူဆောင်ရွက်ပိုင်ခွင့် ရှိသည်။

ဟိုဆေး ထိပ်ရှီးရား (Jose Teixeira) (၎င်းနှင့် တီမောအခြေစိုက် Da Silva Teixeira & Associados Lda ဥပဒေရေးရာအဖွဲ့ မှ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ နူနို မာရာဇက်စ်တို့သည် ဤအမှု၏ အဓိကရှေ့နေများ ဖြစ်ကြသည်)က “ ဤအမှုသည် တီမောလက်စတေးနိုင်ငံ၏ တရားစီရင်ရေး စနစ်အပေါ် သက်ရောက်မှုဖိအား (အလုပ်ဖြစ်နိုင်ချေ) နည်းပါးသေးငယ်နိုင်တယ်။ သို့ပေမဲ့ ကျွန်ုပ်တော်တို့ တင်သွင်းထားတဲ့ သက်သေအထောက်အထား အားလုံးကို ချင်းလူ့အခွင့်အရေးအဖွဲ့က စနစ်တကျ မှတ်တမ်းတင်ထားခဲ့တာဖြစ်တယ်။ ထပ်မံပြီး အကြောင်းရာ ခိုင်လုံအားကောင်းဖို့ အတွက်လည်း ပြန်လည်လုပ်ဆောင်ခဲ့တယ်။ ဒါ့အပြင် ကုလသမဂ္ဂက ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား (IIMM)အဖွဲ့အစည်းထံတွင်လည်း စိစစ်အတည်ပြုထားတဲ့ သက်သေအထောက်အထား အများအပြားလည်း ရှိပါတယ်။ သည်သက်သေ အထောက် အထားတွေက တီမောအာဏာပိုင်တွေရဲ့ စုံစမ်းစစ်ဆေးမှု အစိတ်အပိုင်းတွေအဖြစ် အသုံးပြုနိုင်ရန်အတွက် ပံ့ပိုးပေးနိုင်သွားနိုင်မှာလည်း ဖြစ်ပါတယ်။” လို့ ပြောကြားထားတယ်။

တိုင်ကြားစာပါ ရာဇဝတ်မှုဖြစ်စဉ်များသည် ခရစ်ယာန်ဘာသာဝင် အများစုနေထိုင်ရာ မြန်မာနိုင်ငံ၊ ချင်းပြည်နယ်ထဲတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဆလိုင်းဇအုပ် အဆိုရ “ မြန်မာစစ်ကော်မရှင်တပ်ဖွဲ့တွေက အရပ်သားတွေအပေါ် ရည်ရွယ်ချက်ရှိရှိ၊ စနစ်တကျ၊ ကျယ်ကျယ်ပြန့်ပြန့် နှင့် လက်နက်အင်အား မတန်တဆ အသုံးပြုခြင်း နှင့် အရပ်ဘက်စစ်ဘက်ပစ်မှာ ခွဲခြားမှုမရှိဘဲ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ် ကျူးလွန်ခဲ့တယ်။ ”

ချင်းလူ့အခွင့်အရေးအဖွဲ့၏မှတ်တမ်းတင် ကောက်ယူထားသော ကိန်းဂဏန်းများအရ- ချင်းပြည်နယ်အတွင်း စစ်ကော်မရှင်တပ်ဖွဲ့များ၏ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများသည် အောက်တွင် ဖော်ပြထားသည့် အတိုင်း ဖြစ်သည်။

- စစ်ကော်မရှင်သည် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှစတင်၍ လေကြောင်းတိုက်ခိုက်မှု အကြိမ်ရေ ၁,၀၀၀ ခန့် ပြုလုပ်ခဲ့သည်။
- နေအိမ်ပေါင်း (၄,၆၀၀) ကျော်သည် စစ်ကော်မရှင်၏လေကြောင်းတိုက်ခိုက်ခြင်းနှင့် စစ်ကော်မရှင်တပ်များ၏ တမင် ရည်ရွယ်ချက်ရှိရှိ မီးရှို့ခံရသောကြောင့် ပျက်စီးခဲ့သည်။
- အမျိုးသမီး (၉၁) ဦးနှင့် ကလေး (၇၉) ဦး အပါအဝင် အရပ်သား (၄၇၈) ဦး အသတ်ခံခဲ့ရသည်။
- ဆေးရုံနှင့်ဆေးခန်းအဆောက်အအုံ အနည်းဆုံး (၁၉) ခုခန့်၊ စာသင်ကျောင်း (၂၅) ကျောင်းနှင့် ဘုရားကျောင်း (၇၈) ကျောင်းအပါအဝင် ဘာသာရေးအဆောက်အအုံစုစုပေါင်း (၁၂၇) ခု ပျက်စီးခဲ့သည်။

မြန်မာနိုင်ငံတဝန်းတွင်လည်း အလားတူအခြေအနေများကို ရင်ဆိုင်နေရသည်။ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်အထိ စာရင်းများအရ စစ်ကော်မရှင်တပ်ဖွဲ့များကြောင့် အမျိုးသမီး (၁,၄၈၇) ဦးနှင့် ကလေး (၇၄၈) ဦး အပါအဝင် အရပ်သား အနည်းဆုံး (၆,၄၇၃) ဦး သေဆုံးခဲ့သည်။ လူပေါင်း (၃၀,၀၀၀) ကျော် ဖမ်းဆီးခံခဲ့ရပြီး (၂၂,၀၀၀) ကျော်မှာ ဆက်လက်ထိန်းသိမ်းခံထားရဆဲဖြစ်သည်။ စစ်ကောင်ကော်မရှင်၏ အကျဉ်းထောင်များအတွင်း လူပေါင်း (၂,၀၀၀) နီးပါး သေဆုံးခဲ့ပြီး၊ မှတ်တမ်းတင်ရေးသားပြုစုထားသော ညဥ်းပန်းနှိပ်စက်၍ သတ်ဖြတ်ခံရသည့် မှုခင်းဖြစ်စဉ် (၁၂)ခု ရှိခဲ့သည်။ လူ (၁၇၂) ဦးသည် စစ်ကော်မရှင် ထိန်းချုပ်ထားသော တရားရုံးများတွင် သေဒဏ်ချမှတ်ခံထားရသည်။

ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံတွင် လူဦးရေ (၃.၅) သန်းကျော် (လူဦးရေ၏ ၅ ရာခိုင်နှုန်းကျော်) နေရပ်စွန့်ခွာ ထွက်ပြေးနေရပြီး လူပေါင်း သန်း (၂၀) ခန့်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေသည်။ သို့သော်လည်း စစ်ကောင်စီသည် ၂၀၂၅ ခုနှစ်၊ မတ်လတွင် ဖြစ်ပွားခဲ့သော ငလျင်ဘေးကဲ့သို့ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရချိန်တွင်ပင် အကူအညီပေးရေး လမ်းကြောင်းများကို ပိတ်ဆို့ထားခဲ့သည်။ လူပေါင်း (၁.၅) သန်းကျော်မှာ ဘေးကင်းရာသို့ နယ်စပ်ဖြတ်ကျော် ထွက်ပြေးခဲ့ကြရသဖြင့် ဒေသတွင်း ဒုက္ခသည်အကျပ်အတည်းများ ဖြစ်ပေါ်နေသည်။

မြန်မာစစ်ကော်မရှင်ကို အရေးယူရန် တိုင်ကြားသူများသည် မြန်မာနိုင်ငံနှင့် တီမောလက်စတေးနိုင်ငံတို့၏ ဆင်တူသော ခေတ်သစ်သမိုင်းကြောင်းခြင်းရာများကြောင့် ဤအမှုသည် တီမောပြည်သူများ၏ စာနာနားလည်မှုကို ရရှိလိမ့်မည်ဟု မျှော်လင့်နေကြသည်။ တီမောလက်စတေးနိုင်ငံဖြစ်စဉ်ကို ဥပမေယျပြုလျက် ဆလိုင်းဇအုပ်က " တီမောလက်စတေးနိုင်ငံဖြစ်စဉ်လိုပဲ မြန်မာနိုင်ငံဟာလည်း မျိုးဆက်နဲ့ချီပြီး အနောက်နိုင်ငံသား ကိုလိုနီနယ်ချဲ့တွေရဲ့ အုပ်ချုပ်မှုကို ခံခဲ့ရတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကာလတွေမှာ အပြစ်မဲ့ပြည်သူတွေအပေါ် ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေ ကျူးလွန်ခဲ့တာကို တွေ့မြင်ခဲ့ရပါတယ်။ အာဏာသိမ်းပြီးကတည်းက မြန်မာစစ်ကော်မရှင်က လက်နက်မပါတဲ့ ဆန္ဒပြသူတွေကို အကြိမ်ကြိမ် တိုက်ခိုက်ခဲ့လို့ လူပေါင်းထောင်ချီ သေဆုံးခဲ့ရပါပြီ။ ဒါတွေဟာ ၁၉၉၁ ခုနှစ်က ဒီလီမြို့မှာ ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြသူ (၂၅၀) ကျော်ကို သွေးအေးအေးနဲ့ ရက်စက်စွာ သတ်ဖြတ်ခဲ့တဲ့ နာမည်ဆိုးနဲ့ကျော်ကြားတဲ့ ဆန်တာခရုဇ် (Santa Cruz) လူသတ်ပွဲကြီးဖြစ်စဉ်ကို ပြန်လည်အမှတ်ရစေပါတယ်" ဟု ပြောကြားခဲ့သည်။

တီမောလက်စတေးနိုင်ငံ တရားရုံးတွင် တင်သွင်းသော ဤရာဇဝတ်မှု အရေးယူမှု ဖြစ်မြောက်လာအောင် တာဝန်ခံမှုရှိစေရေး စီမံချက်အဖွဲ့အစည်း (Myanmar Accountability Project) ကလည်း ဝိုင်းဝန်းကူညီပံ့ပိုးနေသည်။ ယင်းအဖွဲ့အစည်း၏ ဒါရိုက်တာ ခရစ်ဂန်းနက်စ် (Chris Gunness) က 'အကယ်၍ တီမောလက်စတေး အာဏာပိုင်တွေအနေနဲ့ စုံစမ်းစစ်ဆေးမှုတစ်ခု

စတင်ဖို့ဆိုတဲ့ ရိုးရှင်းတဲ့ခြေလှမ်းကိုသာ အရင်လှမ်းသင့်တယ်။ ဒီလိုအစပျိုးလုပ်ဆောင်မှုတွေက အာဆီယံတစ်ဝန်းမှာ ကျယ်ကျယ်ပြန့်ပြန့် သိထားကြတဲ့အတိုင်း မြန်မာနိုင်ငံရဲ့ အခြေအနေဟာ ဆက်လက်ရပ်တည်လို့ မရတော့ဘဲ ပြောင်းလဲရတော့မယ်ဆိုတဲ့ အားကောင်းတဲ့ သတင်းစကားကို ပေးပို့ရာရောက်ပါလိမ့်မယ်။ ဒီလီမြို့က ဉပဒေကြောင်းအရ ဆောင်ရွက်မှုက အာဆီယံဒေသတွင်းမှာ ဖယ်ကျဉ်ခံထားခံရ လူတွေ၊ ရပ်တည်ဖေးမ အကူအညီမဲ့နေတယ်လို့ ခံစားနေရတဲ့ လူတွေနဲ့အတူ ရပ်တည်ကြောင်း ပြသနိုင်မယ့် အခွင့်အရေးတစ်ခုလည်း ဖြစ်ပါတယ်’ လို့ ပြောကြားခဲ့သည်။

ဆလိုင်းဇအုပ်က တီမောလက်စတေး အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကက်သလစ်သာသနာနှင့် တီမောပြည်သူ အပေါင်းတို့အား ကူညီပေးပါရန် ပန်ကြားခဲ့သည်။ “တီမောလက်စတေးနိုင်ငံက ထိပ်တန်းနိုင်ငံရေးသမားတွေနဲ့ သြဇာရှိတဲ့သူတွေဟာ လူ့အခွင့်အရေးနဲ့ တာဝန်ခံမှုအပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်နေကြတာကြောင့်၊ ကျွန်တော်တို့ ချင်းလူမျိုးတွေရဲ့ တရားမျှတမှုအတွက် တောင်းဆိုသံကို တီမောပြည်သူတွေ ကြားသိလိမ့်မယ်လို့ အလေးအနက် ယုံကြည်ပါတယ်။ ခရစ်ယာန်ဘာသာဝင်တွေအနေနဲ့လည်း မြန်မာပြည်သူတွေအတွက် တရားမျှတမှု၊ ငြိမ်းချမ်းမှုနဲ့ လူ့ဂုဏ်သိက္ခာတွေ ရရှိဖို့ ကျွန်တော်တို့ရဲ့ ဆုတောင်းသံတွေကို ဘုရားသခင်က နားညောင်းပေးလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်” ဟု ၎င်းက ဆိုသည်။

***

တီတမ် (Tetum)၊ အင်ဒိုနီးရှား (Bahasa Indonesia)၊ ချင်း၊ ပေါ်တူဂီ သို့မဟုတ် အင်္ဂလိပ်ဘာသာစကားများဖြင့် အချက်အလက်များ ထပ်မံသိရှိလိုပါက သို့မဟုတ် အင်တာဗျူးရန် တောင်းဆိုလိုပါက အောက်ပါအတိုင်း ဆက်သွယ်နိုင်ပါသည်။ ဆက်သွယ်ရန် လိပ်စာများ:

Jose Teixeira/Manuel Sa Martins/Sahe da Silva on +670 77287080 or jose.teixeira@dasilva.tl

Salai Za Uk on +91 8798837474 or zauk@chinhumanrights.org

Chris Gunness on +44 7587 698990 or cgunness@outlook.com

***